ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်
စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန

**မြန်မာနိုင်ငံ၏ ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုခေတ်မီဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း( အဆင့်–၂ )**
P173586

မူကြမ်း

ပတ်ဝန်းကျင်ဆိုင်ရာ နှင့် လူမှုဘဝဆိုင်ရာ ကတိကဝတ်များအား ဖော်ဆောင်မည့် လုပ်ငန်းအစီအစဉ်
**(ESCP)**

ဇန်နဝါရီ ၂၀၂၁

***ကမ္ဘာ့ဘဏ်မှ အလွတ်သဘော ဘာသာပြန်ဆိုထားခြင်းဖြစ်ပါသည်။**

# ပတ်ဝန်းကျင်ဆိုင်ရာ နှင့် လူမှုဘဝဆိုင်ရာ ကတိကဝတ်များအား ဖော်ဆောင်မည့် လုပ်ငန်းအစီအစဉ်

1. ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲရေးကို ခေတ်နှင့်အညီပြုပြင်ပြောင်းလဲရေးစီမံကိန်း – II (**စီမံကိန်း**) ကို စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနသည် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ပြည်သူ့ငွေစာရင်းပူးတွဲကော်မတီတို့နှင့်ပူးပေါင်း၍ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်။ နိုင်ငံတကာဖွံ့ဖြိုးရေးအဖွဲ့အစည်း ( ဤတွင် **အဖွဲ့အစည်း**ဟု ဆက်လက်သုံးနှုန်းသွားမည်) က စီမံကိန်းကို ငွေကြေးထောက်ပံ့မှုပြုရန် သဘောတူသည်။

2. စီမံကိန်း ၊ ဘဏ္ဍာရေး နှင့် စက်မှုဝန်ကြီးဌာနသည် စီမံကိန်းအား ပတ်ဝန်းကျင် နှင့် လူမှုရေးရာ စံသတ်မှတ်ချက်များ (Environmental and Social Standards (**ESSs**)) နှင့် အညီ အကောင်အထည်ဖော်လုပ်ဆောင်နိုင်စေရန် လုပ်ဆောင်မည့်လုပ်ငန်းများနှင့် ဆောင်ရွက်ချက်များရေးဆွဲချမှတ်ပါမည်။ ဤပတ်ဝန်းကျင်ဆိုင်ရာ နှင့် လူမှုဘဝဆိုင်ရာ ကတိကဝတ်များအား ဖော်ဆောင်မည့် လုပ်ငန်းအစီအစဉ် ( **ESCP** ) တွင် လုပ်ဆောင်မည့် လုပ်ငန်းများနှင့် ဆောင်ရွက်ချက်များ ၊ သီးခြားစာရွက်စာတမ်းများ သို့မဟုတ် စီမံချက်များနှင့် အဆိုပါလုပ်ငန်းတစ်ခုချင်းစီကို လုပ်ဆောင်ရမည့် အချိန်ကာလတို့ပါဝင်သည်။

3. စီမံကိန်း ၊ ဘဏ္ဍာရေး နှင့် စက်မှုဝန်ကြီးဌာနသည် အခြားသော ESF အရလိုက်နာရန် လိုအပ်သည့် E&S စာရွက်စာတမ်းများပါ ပြဋ္ဌာန်းချက်များကို လိုက်နာသည့်အပြင် ဆက်စပ်ပတ်သက်သူများနှင့် ဆက်သွယ်ဆောင်ရွက်ခြင်း မဟာဗျူဟာ နှင့် အချိန်ကာလများကို ဤ ESCP တွင်လည်း ထည့်သွင်းထားပါသည်။

4. စီမံကိန်း ၊ ဘဏ္ဍာရေး နှင့် စက်မှုဝန်ကြီးဌာနသည် ESCP ပါသတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ခြင်းရှိမရှိကို ကြီးကြပ်ရမည့် အဓိကတာဝန်ရှိ ဝန်ကြီးဌာနဖြစ်သည်။ ယင်းသို့ဆောင်ရွက်ရာတွင် အထက်တွင် ပြဆိုခဲ့သည့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီတို့က အကောင်အထည်ဖော်ရသည့် လုပ်ငန်းစဉ်များလည်း ပါဝင်သည်။

5. ဤ ESCP တွင် ဖော်ပြထားသော စည်းမျဉ်းသတ်မှတ်ချက်များ နှင့် လုပ်ငန်းများကို အကောင်အထည်ဖော်မှုများအား ESCP နှင့် ဥပဒေသတ်မှတ်ချက်များနှင့်အညီ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနက ဖွဲ့စည်းထားသည့် အဖွဲ့အစည်းအား စောင့်ကြည့်အစီရင်ခံသွားမည်ဖြစ်သလို အဆိုပါ အဖွဲ့အစည်းက ယင်းသတ်မှတ်ချက်များနှင့် လုပ်ငန်းများ အောင်မြင်ပြီးမြောက်မှုကို စဉ်ဆက်မပြတ် စောင့်ကြည့်အကဲဖြတ်သွားမည်ဖြစ်သည်။

6. အဖွဲ့အစည်း နှင့် စီမံကိန်း၊ ဘဏ္ဍာရေး နှင့်စက်မှုဝန်ကြီးဌာန တို့ သဘောတူညီထားသည့်အတိုင်း ဤ ESCP သည် စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်နေစဉ် ကာလတစ်လျှောက်တွင် စီမံကိန်းပြောင်းလဲမှုများ နှင့် ကြိုတင်ခန့်မှန်းနိုင်ခြင်းမရှိသည့် အခြေအနေများနှင့် အညီ ပြင်ဆင်ညှိနှိုင်းရခြင်းများအရ ESCP ပါ ပြဋ္ဌာန်းချက်များအတိုင်း လုပ်ဆောင်နိုင်ရန် လိုအပ်သလိုပြုပြင်သွားမည်ဖြစ်သည်။ ယင်းအခြေအနေမျိုး ပေါ်ပေါက်ပါက စီမံကိန်း ၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနသည် အဆိုပါအပြောင်းအလဲများနှင့်အညီ ESCP ကို အဖွဲ့အစည်း၏ သဘောတူညီမှုဖြင့် ပြင်ဆင်သွားမည်။ ESCP ကို ပြုပြင်ပြောင်းလဲမှုများအား စာဖြင့်ရေးသား မှတ်တမ်းတင်ထားရမည်။ သဘောတူထားသည့် ESCP ပြင်ဆင်ချက်များကို စာဖြင့်ရေးသားလက်မှတ်ရေးထိုး၍ အဖွဲ့အစည်း နှင့် စီမံကိန်း ၊ ဘဏ္ဍာရေး နှင့် စက်မှုဝန်ကြီးဌာနတို့အကြား အပြန်အလှန်ပေးပို့ရမည်။ စီမံကိန်း ၊ ဘဏ္ဍာရေး နှင့် စက်မှုဝန်ကြီးဌာနသည် အသစ်ပြင်ဆင်ချက်များကို ချက်ခြင်းထုတ်ပြန်ရမည်။

7. စီမံကိန်းအပြောင်းအလဲများ၊ မမြင်နိုင်သောအခြေအနေများ သို့မဟုတ် စီမံကိန်းအကောင်အထည်ဖော်စဉ်ကာလအတွင်းတွေ့ကြုံရသည့် ထိခိုက်နိုင်ခြေများနှင့် သက်ရောက်မှုများကြောင့် စီမံကိန်းလုပ်ဆောင်မှုရလာဒ် အပြောင်းအလဲများ ဖြစ်ပေါ်လာပါက စီမံကိန်း၊ ဘဏ္ဍာရေး နှင့် စက်မှုဝန်ကြီးဌာနသည် လုပ်ငန်းများနှင့် အဆိုပါ ထိခိုက်နိုင်ခြေများကို အကောင်အထည်ဖော်ရာတွင် လိုအပ်ပါက ရန်ပုံငွေထပ်မံချထားပေးရမည်။

| လုပ်ဆောင်မည့် လုပ်ငန်းများနှင့် ဆောင်ရွက်ချက်များ | | အချိန်ကာလ | တာဝန်ရှိအဖွဲ့အစည်း/ အာဏာပိုင် |
|---|---|---|---|
| လေ့လာစောင့်ကြည့်ခြင်းနှင့် အစီရင်ခံတင်ပြခြင်း | | | |
| က | **ပုံမှန်အစီရင်ခံတင်ပြခြင်း**<br><br>စီမံရေး၊ ဘဏ္ဍာရေး နှင့် စီပွားရေးဝန်ကြီးဌာန ( MOPFI) သည် စီမံကိန်း၏ သဘာဝပတ်ဝန်းကျင်၊ လူမှုရေး၊ ကျန်းမာရေး နှင့် ဘေးကင်းလုံခြုံရေး လုပ်ဆောင်မှုအပေါ် ပုံမှန်စောင့်ကြည့် လေ့လာရေး အဖွဲ့အစည်းအစီရင်ခံချက်များ (ESHS)၊ ESCP ၏ အကောင်အထည်ဖော်ဆောင်ရွက်မှုများ၊ ESCP အရ E&S စာရွက်စာတမ်းများ ကြိုတင်ပြင်ဆင်မှုနှင့် အကောင်အထည်ဖော် ဆောင်ရွက်မှုများ၊ ဆက်စပ်ပတ်သက်သူများနှင့် ဆက်သွယ် ဆွေးနွေးမှုများ၊ နစ်နာမှုများတိုင်ကြားခြင်းနှင့် အကြံပြုချက် ဖြေရှင်းပေးသည့်စနစ် လုပ်ဆောင်မှုတို့၏ အခြေအနေတို့ကို အဖွဲ့အစည်းသို့ တင်ပြရမည်။ | *စီမံကိန်း အကောင်အထည်ဖော်မှုအစီရင်ခံစာ ခြောက်လတစ်ကြိမ်* | *MOPFI*<br><br>သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးရာ ထိခိုက်နိုင်ခြေများအတွက် *MOPFI* ၏ တာဝန်ရှိဌာနများ။ |

| | | | |
|---|---|---|---|
| ၁ | **ဖြစ်ရပ်များနှင့် မတော်တဆထိခိုက်မှုများ**<br><br>MOPFI သည်သဘာဝပတ်ဝန်းကျင်၊ ထိခိုက်ခံရသောလူထုများ၊ အများပြည်သူ သို့မဟုတ် အလုပ်သမားများအပေါ် သိသာထင်ရှားသည့် ဆိုးကျိုးသက်ရောက်မှု သို့မဟုတ် သက်ရောက်နိုင်ခြေများသည့် စီမံကိန်းနှင့် ဆက်စပ်ပတ်သက်နေသောမည်သည့်ဖြစ်ရပ် သို့မဟုတ် မတော်တဆမှုများကို မဆိုအဖွဲ့အစည်းအားချက်ချင်းအသိပေး၍ ယင်းဖြစ်ရပ် သို့မဟုတ် မတော်တဆမှုနှင့်ပတ်သတ်သည့် အရေးပေါ်ဆောင်ရွက်မှုများပြုလုပ်ရန် စီစဉ်ထားကြောင်း လုံလောက်သော အသေးစိတ်အချက်အလက်များ ပေးရမည်။ ထို့နောက် အဖွဲ့အစည်းကတောင်းဆိုပါက ဖြစ်ရပ် သို့မဟုတ် မတော်တဆမှု အကြောင်းအရာနှင့် အလားတူဖြစ်ရပ်များ ထပ်မံမပေါ်ပေါက်စေရန်မည်သို့ ကာကွယ်မှုများ လုပ်ဆောင်သင့်ကြောင်း အဆိုပြုချက်များထည့်သွင်းထားသည့် အစီရင်ခံစာတင်ပြရမည်။ | ဖြစ်ရပ် သို့မဟုတ် မတော်တဆမှုဖြစ်ပွားပြီး ၄၈နာရီအတွင်း အဖွဲ့အစည်းအား အသိပေးအကြောင်းကြားရန်။ ၁၀ရက်အတွင်း အသေးစိတ်အစီရင်ခံစာတင်သွင်းရန် | *MOPFI*<br><br>သဘာဝပတ်ဝန်းကျင်နှင့်လူမှုရေးရာ ထိခိုက်နိုင်ခြေများအတွက် *MOPFI* ၏တာဝန်ရှိဌာနများ။ |

| ESS 1: သဘာဝပတ်ဝန်းကျင် နှင့်လူမှုရေးဆိုင်ရာ ထိခိုက်နိုင်ခြေအန္တရာယ်များ နှင့် သက်ရောက်မှုများအား သုံးသပ်ခြင်း နှင့် ကာကွယ်တားဆီးခြင်း | | | |
|---|---|---|---|
| ၁.၁ | **အဖွဲ့အစည်းဆိုင်ရာတည်ဆောက်ပုံ**<br><br>MOPFI သည် E&S ထိခိုက်နိုင်ခြေအန္တရာယ်များကို ကာကွယ်တားဆီးရန် အရည်အချင်းပြည့်ဝသော ဝန်ထမ်းများ နှင့် အရင်းအမြစ်များဖြင့် ဖွဲ့စည်းထားသော အဖွဲ့အစည်းပုံစံတစ်ခု ရေးဆွဲ ကျင့်သုံးခြင်း | PMU ၏တစ်စိတ်တစ်ပိုင်းအနေဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦး ၊ လူမှုရေးဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦး အပါအဝင် ဆက်စပ်ပတ်သက်သူများနှင့် ဆက်သွယ်ရန် ၊ ဆက်သွယ်ရေးကျွမ်းကျင်သူတစ်ဦးတို့ကို စီမံကိန်း စတင်သည်နှင့် တာဝန်ပေးအပ်၍ စီမံကိန်း အကောင်အထည်ဖော်စဉ် ကာလတစ်လျှောက်လုံး ဆောင်ရွက်သွားမည်။ | *MOPFI*<br><br>သဘာဝပတ်ဝန်းကျင် နှင့် လူမှုရေးရာ ထိခိုက်နိုင်ခြေများအတွက် *MOPFI* ၏တာဝန်ရှိဌာနများ။ |

| | | | |
|---|---|---|---|
| ၁.၂ | **လူမှုရေးရေးရာ ဆန်းစစ်အကဲဖြတ်ခြင်း**<br><br>သင့်လျော်ပါက နည်းပညာပိုင်း အထောက်အပံ့ပေးမည့် လုပ်ငန်းများ၏ တစ်စိတ်တစ်ပိုင်းအဖြစ် အဆိုပြုထားသည့် ပြုပြင်ပြောင်းလဲမှုများနှင့် ပြည်သူ့ရင်းနှီးမြှုပ်နှံမှုများသည် ထိခိုက်လွယ် အုပ်စုများ၊ တိုင်းရင်းသား လူမျိုးစုများ အပေါ် မည်သို့ သက်ရောက်မှုရှိနိုင်ကြောင်း လက်ခံနိုင်ဖွယ် ဆန်းစစ် သုံးသပ်တင်ပြချက် ထည့်သွင်း၍ အဖွဲ့အစည်း သို့တင်ပြရ မည်။ သင့်လျော်သည့် နည်းပညာပိုင်း အကူအညီများ အတွက် စည်းမျဉ်းစည်းကမ်းများကိုလည်း သုံးသပ်နိုင်ရန် အဖွဲ့အစည်းသို့ တင်ပြရမည်။ | ပညာရပ်ဆိုင်ရာ အတိုင်ပင်ခံ အတွက် ကြေညာခြင်း မပြုမီ ၁ လ ကြိုတင်၍ သက်ဆိုင်ရာ သတ်မှတ် တာဝန်နှင့် လုပ်ပိုင်ခွင့်များအား အဖွဲ့အစည်းသို့ တင်သွင်းရမည်။ | *MOPFI*<br><br>သဘာဝပတ်ဝန်းကျင် နှင့် လူမှု ရေးရာ ထိခိုက်နိုင်ခြေများအတွက် *MOPFI* ၏တာဝန်ရှိဌာနများ။ *ပညာရပ်ဆိုင်ရာ အကြံပေးပုဂ္ဂိုလ်များ* |

| | | | |
|---|---|---|---|
| ၁.၃ | စီမံခန့်ခွဲမှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းသတ်မှတ်ချက်များ<br><br>MOPFI သည်  ESCP နှင့်အညီ အလုပ်သမား နှင့် စီမံကိန်း အလုပ်သမားများနှင့်ကန်ထရိုက်တာများ၏ လုပ်ငန်းခွင် အခြေအနေများနှင့် သက်ဆိုင်သော မူဝါဒများ ရေးဆွဲရမည်။ | *စီမံကိန်းစတင်ပြီး ချိန်နှင့်စာချုပ်ချုပ်ခြင်းသို့မဟုတ် စီမံကိန်းအလုပ် သမားများ သို့မဟုတ် ကန်ထရိုက်တာများ အလုပ်ခန့်ခြင်းမတိုင်ခင် ရက်၃ဝ အတွင်း ရေးဆွဲသတ်မှတ်ရမည်။*<br><br>*သက်ဆိုင်ရာမူဝါဒများနှင့် စည်းကမ်း များကို စီမံကိန်းသက်တမ်း တစ်လျှောက်တွင် အကောင်အထည် ဖော်ရမည်။* | *MOPFI*<br>*MOPFI ကုန်ပစ္စည်းဝယ်ယူရေး အတိုင်ပင်ခံပညာရှင်* |

| ESS 2: လုပ်သားရေးရာ နှင့် လုပ်ငန်းခွင်အခြေအနေများ | | | |
|---|---|---|---|
| ၂.၁ | **အလုပ်သမားစီမံခန့်ခွဲမှု**<br><br>MOPFI သည် ESS2 နှင့်အညီ စီမံကိန်းအလုပ်သမား များနှင့် ကန်ထရိုက်တာများအတွက် အလုပ်သမား နှင့် လုပ်ငန်းခွင် အခြေအနေများနှင့် သက်ဆိုင်သော မူဝါဒများရေးဆွဲ၍ အကောင်အထည်ဖော်ရမည်။ | *စီမံကိန်းစတင်ပြီး ချိန်နှင့်စာချုပ် ချုပ်ခြင်း သို့မဟုတ် စီမံကိန်းအလုပ် သမားများ သို့မဟုတ် ကန်ထရိုက် တာများအား အလုပ်ခန့်ခြင်း မပြုမီ ရက်၃၀အတွင်း ရေးဆွဲသတ်မှတ် ရမည်။*<br>*သက်ဆိုင်ရာမူဝါဒများနှင့် စည်းကမ်းများကို စီမံကိန်း သက်တမ်းတစ်လျှောက်တွင် အကောင်အထည်ဖော်ရမည်။* | *MOPFI*<br>*MOPFI ကုန်ပစ္စည်းဝယ်ယူရေး အတိုင်ပင်ခံပညာရှင်* |
| ၂.၂ | **စီမံကိန်းလုပ်သားများအတွက် နစ်နာမှုတိုင်ကြားမှုများနှင့် အကြံပြုချက်များကို ဖြေရှင်းပေးသည့်စနစ်**<br><br>MOPFI သည် ESS2 နှင့်အညီ စီမံကိန်းလုပ်သားများအားလုံး အတွက် နစ်နာမှုတိုင်ကြားမှုများနှင့် အကြံပြုချက်များကို ဖြေရှင်းပေးသည့်စနစ် ရေးဆွဲဖော်ဆောင်၍ ဆက်သွယ်၊ ထိန်းသိမ်းလည်ပတ်စေရမည်။ | နစ်နာမှုတိုင်ကြားမှုများနှင့် အကြံပြုချက်များကို ဖြေရှင်း ပေးသည့်စနစ် *ကို စီမံကိန်းလုပ်သား များ မခန့်အပ်ခင် စတင်ရေးဆွဲ ပြဋ္ဌာန်း၍ စီမံကိန်းကာလ တစ်လျှောက်လုံး ကောင်းစွာ လည်ပတ်နေစေရမည်။* | *MOPFI*<br>*MOPFI ကုန်ပစ္စည်းဝယ်ယူရေး အတိုင်ပင်ခံပညာရှင်* |

| | | | |
|---|---|---|---|
| ၂.၃ | **လေးစားသမှုရှိသောလုပ်ငန်းခွင်**<br><br>MOPFI သည်လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်မှု၊ အနိုင်ကျင့်မှု သို့မဟုတ် အနှောင့်အယှက်ပေးမှုများမရှိသော လေးစားသမှု ရှိသောလုပ်ငန်းခွင်ဖြစ်ကြောင်း သေချာစေရန် စီမံကိန်း လုပ်သားများအားလုံးကို ထိုအကြောင်းအရာများနှင့် ပတ်သက်၍ သင်တန်းများ ပို့ချပေးရမည်။ | *စီမံကိန်း စတင်ပြီး ၆လအတွင်း ၊ ထို့နောက် စီမံကိန်းဆောင်ရွက်နေစဥ်အတောအတွင်း နှစ်စဉ်* | *MOPFI*<br><br>*MOPFI ၏ သဘာဝပတ်ဝန်းကျင် နှင့် လူမှုရေးဆိုင်ရာ ထိခိုက်နိုင်ခြေ အတိုင်ပင်ခံပညာရှင်* |

| ESS 3: အရင်းအမြစ်များအား ထိရောက်စွာအသုံးချခြင်း၊ ပတ်ဝန်းကျင်ညစ်ညမ်းမှု ကာကွယ်တားဆီးခြင်း နှင့် စီမံခန့်ခွဲခြင်း | | | |
|---|---|---|---|
| | | | |
| ၃.၁ | **လျှပ်စစ်ပစ္စည်းစွန့်ပစ်မှုစီမံခန့်ခွဲရေး စီမံချက်**<br><br>**MOPFI** သည် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန **(MONREC)** မှ ရေးဆွဲထားသော နိုင်ငံတော်အစိုးရ၏ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုမဟာဗျူဟာနှင့် မြန်မာနိုင်ငံအတွက် မဟာစီမံကိန်း( ၂၀၁၈-၂၀၃၀ )ပါ လုပ်ငန်းစဉ်များအတိုင်း လိုက်နာဆောင်ရွက်သွားပါမည်။ | စီမံကိန်းတွင် မည်သည့် လျှပ်စစ်ပစ္စည်းကိုမျှ စွန့်ပစ်ခြင်းမပြုခြင် | *MOPFI အတိုင်ပင်ခံပညာရှင်များမှ တာဝန်ရှိ ပုဂ္ဂိုလ်* |

| ESS 7: ဌာနေလူမျိုးစုများ / အာဖရိကဆာဟာရတောင်ပိုင်းဒေသရှိ အစဉ်အဆက် ဖွံ့ဖြိုးရေးအခွင့်အလမ်းနည်းပါးခဲ့သော ဒေသခံရိုးရာဓလေ့ ကျင့်သုံးသည့် ရပ်ရွာပြည်သူများ | | | |
|---|---|---|---|
| ၇.၁ | **တိုင်းရင်းသားလူနည်းစုများနှင့်ဆက်သွယ်ခြင်း**<br><br>MOPFI သည် တိုင်းရင်းသားလူမျိုးစုများကိုထည့်သွင်း၍ ဘာသာစကား၊ ရုပ်ပိုင်းဆိုင်ရာဝေးကွာမှု နှင့် အခြားသော ဖြစ်နိုင်ခြေရှိသည့် အတားအဆီးများကို ကိုင်တွယ် ဖြေရှင်းနိုင်မည့် ပြဋ္ဌာန်းချက်များ ၊ စီမံကိန်း၏ နစ်နာမှုတိုင်ကြားမှုများနှင့် အကြံပြုချက်များကို ဖြေရှင်းပေးသည့်စနစ်နှင့် အဖွဲ့အစည်းက လက်ခံနိုင်သည့် အကောင်အထည်ဖော်ကျင့်သုံးမှုများကိုထည့်သွင်းသွားမည်။ | စီမံကိန်းစတင်သည်နှင့် တစ်ပြိုင်နက်ဆက်စပ်ပတ်သက်သူများနှင့် ဆက်ဆံညှိနှိုင်းဆောင်ရွက်ခြင်း မဟာဗျူဟာကို စီမံကိန်းကာလ တစ်လျှောက်လုံးတွင်ဆောင်ရွက်မည်ဖြစ်သည်။ | *MOPFI*<br><br>သဘာဝပတ်ဝန်းကျင် နှင့် လူမှုရေးရာ ထိခိုက်နိုင်ခြေများအတွက် *MOPFI* ၏ တာဝန်ရှိဌာနများ။ |

| ESS 10: ဆက်စပ်ပတ်သက်သူများ နှင့် ဆက်ဆံညှိနှိုင်းဆောင်ရွက်ခြင်း နှင့် သတင်းအချက်အလက်များ ထုတ်ပြန်ပေးခြင်း | | | |
|---|---|---|---|
| ၁၀.၁ | **ဆက်စပ်ပတ်သက်သူများနှင့် ဆက်သွယ်ခြင်း**<br><br>MOPFI သည် ဆက်စပ်ပတ်သက်သူများနှင့် ဆက်ဆံညှိနှိုင်း ဆောင်ရွက်ခြင်း မဟာဗျူဟာတစ်ရပ်ကို ရေးဆွဲအကြံညာဏ် ရယူ၍ ထုတ်ပြန်ခဲ့သည်။ အဆိုပါ မဟာဗျူဟာကို အရည်အချင်းပြည့်ဝသောဝန်ထမ်းများ နှင့် အရင်းအမြစ်များ အသုံးပြု၍ စီမံကိန်းကာလတစ်လျှောက်လုံး အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်သည်။ | စီမံကိန်းစတင်သည်နှင့် တစ်ပြိုင်နက်ဆက်စပ်ပတ်သက်သူများ နှင့် ဆက်ဆံညှိနှိုင်း ဆောင်ရွက်ခြင်း မဟာဗျူဟာကို စီမံကိန်းကာလ တစ်လျှောက်လုံးတွင် ဆောင်ရွက်မည်ဖြစ်သည်။ | *MOPFI*<br><br>သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးရာ ထိခိုက်နိုင်ခြေများအတွက် *MOPFI* ၏တာဝန်ရှိဌာနများ။ |

| | | | |
|---|---|---|---|
| ၁၀.၂ | **စီမံကိန်း နစ်နာမှုတိုင်ကြားမှုများနှင့် အကြံပြုချက်များကို ဖြေရှင်းပေးသည့်စနစ်**<br><br>MOPFI သည် ဆက်စပ်ပတ်သက်သူများနှင့် ဆက်ဆံညှိနှိုင်းဆောင်ရွက်ခြင်း မဟာဗျူဟာတွင် ဖော်ပြထားသည့်အတိုင်း နစ်နာမှုတိုင်ကြားမှုများနှင့် အကြံပြုချက်များကို ဖြေရှင်းပေးသည့်စနစ် တစ်ခုရေးဆွဲဖော်ဆောင်သွားမည်။ | စီမံကိန်းစတင်သည်နှင့် တစ်ပြိုင်နက် ဆက်စပ်ပတ်သက်သူများနှင့် ဆက်ဆံညှိနှိုင်းဆောင်ရွက်ခြင်း မဟာဗျူဟာကို စီမံကိန်းကာလ တစ်လျှောက်လုံးတွင် ဆောင်ရွက်မည်ဖြစ်သည်။ | *MOPFI*<br><br>သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးရာ ထိခိုက်နိုင်ခြေများအတွက် *MOPFI* ၏တာဝန်ရှိဌာနများ။ |

| **စွမ်းဆောင်ရည်မြှင့်တင်ရေးအထောက်အပံ့များ ( သင်တန်း )** | | | |
|---|---|---|---|
| CS1 | MOPFI သည်စီမံကိန်းလုပ်သားများအားလုံးကို အောက်ပါ သင်တန်းများ ပို့ချပေးမည် –<br>• ဆက်စပ်ပတ်သက်သူများနှင့် ဆက်သွယ်ခြင်း မဟာဗျူဟာတွင်ဖော်ပြထားသည့်အတိုင်း ဆက်စပ်ပတ်သက်သူများနှင့် ဆက်သွယ်ခြင်း ၊ အကြံပြုတိုင်ကြားချက်များ ကိုင်တွယ်ဖြေရှင်းခြင်း။<br>• ESCP ၏ ၂.၁ နှင့် ၂.၂ အရ အလုပ်သမား နစ်နာမှုလုပ်ထုံးလုပ်နည်းအပါအဝင် သက်ဆိုင်ရာ အလုပ်သမားနှင့် လုပ်ငန်းခွင်အခြေအနေမူဝါဒများကို သတ်မှတ်ပြဋ္ဌာန်းခြင်း ။<br>• ICTကိရိယာများကို အကျိုးရှိရှိနှင့် အန္တရာယ်ကင်းစွာ အသုံးပြုခြင်း၊ လျှပ်စစ်ပစ္စည်းစွန့်ပစ်မှုစီမံခန့်ခွဲခြင်း စီမံချက်ရေးဆွဲပြီးပါက လျှပ်စစ်စွန့်ပစ်ပစ္စည်းများကို စနစ်တကျစွန့်ပစ်ခြင်း၊<br>• လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်ခြင်း၊ အနိုင်ကျင့်ခြင်း သို့မဟုတ် ထိပါးနှောင့်ယှက်မှုကင်းစင်သော မတူကွဲပြား၍ လေးစားမှုရှိသောလုပ်ငန်းခွင်များ | *စီမံကိန်းစတင်ပြီး ၆ လအတွင်း ၊ စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နေစဉ် ကာလ တစ်လျှောက် နှစ်စဉ်* | *MOPFI*<br><br>သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးရာ ထိခိုက်နိုင်ခြေများအတွက် *MOPFI* ၏တာဝန်ရှိဌာနများ။ |